Vermont Department for Children and Families
Economic Services Division

# ပြောင်းလဲမှုကို အစီရင်ခံရန် သဘောတူညီချက်

201A

*ဤသဘောတူညီချက်သည် အောက်ပါအကျိုးခံစားခွင့်များနှင့် သက်ဆိုင်သည်- 3SquaresVT၊ Fuel Assistance၊ Reach First၊ Reach Up၊ Reach Ahead၊ Essential Person နှင့် Postsecondary Education (PSE)။*

**3SquaresVT အကျိုးခံစားခွင့်များကို ကျွန်ုပ်လက်ခံရရှိလျှင် (သို့မဟုတ် လျှောက်ထားခဲ့လျှင်)-**

ကျွန်ုပ်သည် ရိုးရှင်းစွာအစီရင်ခံခြင်းအတွက် သတ်မှတ်ချက်ပြည့်မီပြီး အောက်ပါပြောင်းလဲမှုများမှ တစ်ခုခု ဖြစ်ပွားသည့်လ ကုန်ဆုံးပြီး 10 ရက်အတွင်း အစီရင်ခံရမည်-

- ကျွန်ုပ်၏အိမ်ထောင်စုဝင်ငွေက ဖက်ဒရယ် ဆင်းရဲနွမ်းပါးမှုအဆင့်၏ 130% သို့ ရောက်သည့်အခါ (နောက်ကျောရှိ 3SquaresVT စုစုပေါင်းဝင်ငွေ ဇယားကို ကြည့်ပါ) သို့မဟုတ်
- အချိန်ကန့်သတ်ထားသော ဖောက်သည်၏အလုပ်ချိန်က တစ်ပတ်လျှင် နာရီ 20 အောက်/တစ်လလျှင် နာရီ 80 အောက်သို့ လျော့နည်းသွားသည့်အခါ။

**3SquaresVT အကျိုးခံစားခွင့်များကိုသာ ကျွန်ုပ်လက်ခံရရှိလျှင် (သို့မဟုတ် လျှောက်ထားခဲ့လျှင်)-**

ကျွန်ုပ်သည် ရိုးရှင်းစွာ အစီရင်ခံခြင်းအတွက် သတ်မှတ်ချက်ပြည့်မီသည်။ အထက်ပါ အစီရင်ခံခြင်း သတ်မှတ်ချက်များကို ကြည့်ပါ။

**အထက်တွင်ဖော်ပြထားသည့် အကျိုးခံစားခွင့်များမှ တစ်ခုခု (3SquaresVT မပါ) ကို ကျွန်ုပ်လက်ခံရရှိလျှင် (သို့မဟုတ် လျှောက်ထားခဲ့လျှင်)-**

ကျွန်ုပ်သည် ကျွန်ုပ်၏အိမ်ထောင်စုအတွင်းရှိ အောက်ပါပြောင်းလဲမှုများကို 10 ရက်အတွင်း အစီရင်ခံရမည်-

- နေထိုင်မှု အခြေအနေ- ကျွန်ုပ်နေထိုင်သည့်နေရာ၊ ကျွန်ုပ်၏လိပ်စာ၊ ကျွန်ုပ်နှင့်အတူ နေထိုင်သောလူများ၊ ကျွန်ုပ်၏အိမ်ကို အပူပေးနည်း သို့မဟုတ် ကျွန်ုပ်၏ အိမ်အပူပေးလောင်စာကို ထောက်ပံ့သည့်သူ။
- ဝင်ငွေ- မည်သည့်ရင်းမြစ်မဆိုမှ ဝင်ငွေ အတက် သို့မဟုတ် အကျရှိလျှင်။ အလုပ်အကိုင်အသစ်တစ်ခု သို့မဟုတ် အလုပ်အကိုင်တစ်ခု ဆုံးရှုံးခြင်း၊ ဝင်ငွေရင်းမြစ်အသစ်များ၊ ကလေးထောက်ပံ့ကြေး၊ လူမှုဖူလုံရေး၊ ပင်စင်များ၊ အလုပ်လက်မဲ့ လျော်ကြေး၊ ထီ သို့မဟုတ် ဘင်ဂို အနိုင်ရငွေ၊ အလုံးအရင်း ငွေပေးချေမှုများ၊ အမွေများ သို့မဟုတ် အာမခံငွေရှင်းပေးမှုများ။
- အသုံးစရိတ်များ (Reach Ahead နှင့် Fuel Assistance မပါ)- ကလေး သို့မဟုတ် အရွယ်ရောက်ပြီးသည့် မှီခိုသူအား စောင့်ရှောက်မှုအတွက် အိတ်စိုက် အသုံးစရိတ်များ သို့မဟုတ် ပေးချေခဲ့သော ကလေးထောက်ပံ့ကြေး။
- အရင်းအမြစ်များ (Reach Ahead နှင့် Fuel Assistance မပါ)- စုငွေများ၊ ပိုင်ဆိုင်မှု သို့မဟုတ် ယာဉ်များ။
- အခြားပြောင်းလဲမှုများ- ကျွန်ုပ်၏အိမ်ထောင်စုထဲရှိ တစ်စုံတစ်ဦးတွင် ကလေးရှိသည့်အခါ သို့မဟုတ် အိမ်ထောင်ပြုသည့်အခါ။

**Reach First၊ Reach Up၊ Reach Ahead သို့မဟုတ် အထက်တန်းလွန်ပညာရေးကို ကျွန်ုပ်လက်ခံရရှိလျှင် (သို့မဟုတ် လျှောက်ထားခဲ့လျှင်)-**

ကျွန်ုပ်သည် အောက်ပါအချိန်များတွင်လည်း အစီရင်ခံရမည်-

- ကျွန်ုပ်၏ကလေး၏ မိဘတစ်ဦးက ကျွန်ုပ်၏အိမ်သို့ ပြန်ပြောင်းလာသည့်အခါ သို့မဟုတ် သူ သို့မဟုတ် သူမ၏အခြေအနေ ပြောင်းလဲမှုများက ကျွန်ုပ်၏ကလေးအပေါ် သက်ရောက်သည့်အခါ။
- ကျွန်ုပ်၏ငှားခ သို့မဟုတ် အခြားအိမ်စရိတ်များ ပြောင်းလဲမှု (Reach Ahead မပါ)။
- ကျွန်ုပ်၏အိမ်ထောင်စု၏ လက်ထဲရှိငွေသား၊ စတော့များ၊ ငွေချေးစာချုပ်များနှင့် ဘဏ်ထဲရှိငွေ စုစုပေါင်းသည် $9,000 နှင့်အထက် ဖြစ်သည် (Reach Ahead မပါ)။

**အောက်ပါတို့ကို ကျွန်ုပ်နားလည်ပါသည်-**

- လျှောက်လွှာကို လက်မှတ်ရေးထိုးခြင်းဖြင့် လျှောက်လွှာတွင်ဖော်ပြထားသည့် အချက်အလက်များသည် ကျွန်ုပ်သိသလောက်နှင့် ယုံကြည်ထားသလောက် မှန်ကန်ပြီး ပြည့်စုံကြောင်း မုသားသက်သေခံ ပြစ်ဒဏ်အောက်တွင် ကျွန်ုပ်ကတိပေးသည်။ ကျွန်ုပ်သည် လျှောက်လွှာထဲရှိ အခွင့်အရေးများနှင့် တာဝန်များကိုလည်း ဖတ်ရှုထားပြီး နားလည်ကာ ၎င်းတို့ကို သဘောတူပါသည်။
- ကျွန်ုပ်သည် အထက်တွင်ဖော်ပြထားသည့် အချိန်အပိုင်းအခြားအတွင်း ကျွန်ုပ်၏အခြေအနေ ပြောင်းလဲမှုများကို ကလေးများနှင့် မိသားစုများ ဌာန (Department for Children and Families)၊ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှု ဌာနစိတ် (Economic Services Division, ESD) အား အကြောင်းကြားရမည်။
- ကျွန်ုပ်သည် အကျိုးခံစားခွင့် ဝန်ဆောင်မှုစင်တာ ဖုန်းနံပါတ် 1-800-479-6151 ကို ခေါ်ဆိုခြင်း သို့မဟုတ် ပြောင်းလဲမှု အစီရင်ခံစာဖောင် သို့မဟုတ် စာဖြင့်ရေးသားထားသော မှတ်စုကို လျှောက်လွှာနှင့် စာရွက်စာတမ်း စီမံဆောင်ရွက်ခြင်းစင်တာ (Application and Document Processing Center) (ကျောဘက်တွင် လိပ်စာရှိသည်) သို့ စာတိုက်မှပေးပို့ခြင်းဖြင့် ပြောင်းလဲမှုများကို အစီရင်ခံနိုင်သည်။
- ကျွန်ုပ်တွင် အစီရင်ခံရမည့် အချက်အလက်အမျိုးအစားနှင့်ပတ်သက်၍ မသေချာ မရေရာမှုရှိပါက ESD ကို ဆက်သွယ်ရမည်။
- ကျွန်ုပ် ခံစားပိုင်ခွင့် မရှိသော Reach First၊ Reach Up၊ Reach Ahead၊ PSE၊ Fuel သို့မဟုတ် 3SquaresVT အကျိုးခံစားခွင့်များကို ကျွန်ုပ်လက်ခံရရှိပါက ၎င်းတို့ကို ပြန်ပေးရန် ကျွန်ုပ်အား မျှော်လင့်နိုင်ကြောင်း ကျွန်ုပ်နားလည်ပါသည်။

ကျွန်ုပ်သည် ဤစည်းမျဉ်းများကို ချိုးဖောက်ပါက လိမ်လည်မှုအတွက် တရားစွဲဆိုမှု သို့မဟုတ် အခြားစီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုများကို ခံရနိုင်သည်။

**နောက်ကျောရှိ 3SquaresVT စုစုပေါင်းဝင်ငွေ ဇယားကို ကြည့်ပါ။**

***သင့်မှတ်တမ်းများအတွက် ဤအချက်အလက်များကို သိမ်းထားပါ။***



*10/2024 တွင် ပြန်လည်ပြင်ဆင်ထားသည်*

# 3SquaresVT စုစုပေါင်းဝင်ငွေ ဇယား

အောက်ပါဇယား၏ ဘယ်ဘက်ကော်လံရှိ သင့်အိမ်ထောင်စုတွင် 3SquaresVT ရှိ လူအရေအတွက်ကို ရှာပါ။ သင့်အိမ်ထောင်စုဝင်ငွေက ဤပမာဏကို ကျော်သွားပါက သင်သည် ရှေ့စာမျက်နှာတွင် ညွှန်ကြားထားသည့်အတိုင်း ESD ထံ အစီရင်ခံရမည်။

ဝင်ငွေတွင် လုပ်အားခများ၊ ကိုယ်ပိုင်အလုပ်၊ လူမှုဖူလုံရေး၊ အလုပ်လက်မဲ့ လျော်ကြေး၊ ကလေးထောက်ပံ့ကြေး၊ ပင်စင်များ၊ ထီ သို့မဟုတ် ဘင်ဂို နိုင်ကြေးများ၊ အလုံးအရင်း ငွေပေးချေမှုများ၊ အမွေများ သို့မဟုတ် အာမခံငွေရှင်းပေးမှုများ ပါဝင်သည်။ "စုစုပေါင်း" သည် အခွန်များ မနုတ်မီကို ဆိုလိုသည်။

ပြောင်းလဲမှုများကို အစီရင်ခံရန် သင်သည် အကျိုးခံစားခွင့်များ ဝန်ဆောင်မှုစင်တာ ဖုန်းနံပါတ် 1-800-479-6151 ကို ဆက်သွယ်နိုင်သည် သို့မဟုတ် စာဖြင့်ရေးသားထားသော မှတ်စု သို့မဟုတ် ပြောင်းလဲမှုအစီရင်ခံစာဖောင်ကို အောက်ပါလိပ်စာသို့ စာတိုက်မှ ပို့နိုင်သည်-

**DCF – Economic Services Division**
**Application and Document Processing Center**
**280 State Drive**
**Waterbury, VT 05671-1500**

သင်သည် 1-800-479-6151 ကို ခေါ်ဆိုခြင်း သို့မဟုတ် ပရင့်ထုတ်ရန် myBenefits.vt.gov သို့ သွားခြင်းဖြင့် ပြောင်းလဲမှု အစီရင်ခံစာဖောင်ကို ရယူနိုင်သည်။

| **အိမ်ထောင်စုအရွယ်အစား** | **အများဆုံး စုစုပေါင်းလစဉ်ဝင်ငွေ ဆင်းရဲနွမ်းပါးမှု အဆင့်၏ 130%** |
|---|---|
| 1 | $1,632.00 |
| 2 | $2,215.00 |
| 3 | $2,798.00 |
| 4 | $3,380.00 |
| 5 | $3,963.00 |
| 6 | $4,546.00 |
| 7 | $5,129.00 |
| 8 | $5,712.00 |
| 9 | $6,295.00 |
| 10 | $6,878.00 |

| | |
|---|---|
| **နောက်ထပ်အဖွဲ့ဝင်တစ်ဦးစီ** | $583.00 ပေါင်းပါ |